
ကဗိတ်ကူးချိုချိုအစုပညာ

# အောင်ဆန်း ဘာလဲ

## မဟာဆွေ
## မြဒေါင်းညို



ဒုတိယအကြိမ်

mgyoe.com



# အောင်ဆန်း
# ဘာလဲ

မဟာဆွေ

မြဒေါင်းညို



WHAT IS AUNG SAN
(MAHAR SWE)
Ks-1000
2000000923703
mns0001
1000.00 Ks

အောင်ဆန်းဘာလဲ
mgyoe.com
မဟာဆွေနှင့် မြဒေါင်းညို

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၅၄ ၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၃၆ ၀၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | မှတ်သုံ |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| စာအုပ်ချုပ် | - | သစ္စာ |

၉၂၀
မဟာဆွေနှင့်မြဒေါင်းညို
အောင်ဆန်းဘာလဲ / မဟာဆွေနှင့်မြဒေါင်းညို၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၁၊
စာမျက်နှာ ၇၂ မျက်နှာ၊
၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) အောင်ဆန်းဘာလဲ

၂၀၁၁၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

mgyoe.com

mgyoe.com

# ခေါင်းဆောင်အစစ် ဘယ်သူလဲ

မဟာဆွေ

mgyoe.com

mgyoe.com

# ပထမအကြိမ် ထုတ်ဝေသူ၏
# အမှာစာ

ကျွန်တော်သည် ဆရာကြီးမဟာဆွေ ပေါင်တွင်း စက်တန့်နာပေါက်၍ ဆရာဝန်နှင့် ခွဲစိတ်ကုသရကြောင်း ကြားသိရသဖြင့် သွားရောက်မေးမြန်းရာ ဆရာကြီးမှာ အတော်သက်သာနေသည်ကို တွေ့ရပါသည်။ အာလာပ သလ္လာပပြောဆိုရာမှ မင်း ဘာစာအုပ် ရိုက်နှိပ်နေသလဲမေးမြန်းရာ မြဒေါင်းညိုရေး "အောင်ဆန်းဘာလဲ" ဆိုသောစာအုပ်ငယ်တစ်အုပ် ရိုက်နှိပ်ရန်စီစဉ်နေကြောင်း ပြောပြရာ အေး ... ဒါဖြင့် ဆရာ စိတ်ကူးထားတာနှင့် သဘောချင်းတိုက်ဆိုင်သားပဲ။ တစ်ပိုင်းတစ်စတောင် ရေးထားပြီးပြီ၊ "ခေါင်းဆောင်အစစ် ဘယ်သူလဲ" လို့ စာခေါင်းတပ်ထားတယ်ဟု စာသဘော အချုပ်ပြောပြရာ ကျွန်တော်များ ထုတ်မည့် စာအုပ်ငယ်နှင့် အကျုံးဝင်နေသဖြင့် အပြီးသတ် ရေးသားပေးပါရန် တောင်းပန်ပြီးလျှင် ဆရာကြီး မူလတပ်ထားသော ခေါင်းစဉ်နှင့်ပင် အောက်တွင်ဖော်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း။

(ရွှေထွန်း)
ရဲရဲတောက်ပြန့်ချီရေး



mgyoe.com


mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ခေါင်းဆောင်အစစ်  ဘယ်သူလဲ

ကျွန်ုပ်သည် နိုင်ငံရေးကို သိသိသာသာ စိတ်ပါဝင်စားလာသော အချိန်မှာ ကျောင်းသားဘဝ ၁၉၂၀ ခုနှစ် ပထမကျောင်းသားများ သပိတ်မှောက်ချိန်က ဖြစ်ပါသည်။ ထိုအချိန်မတိုင်ခင်က ဦးဥတ္တမနှင့် အခြား တရားဟောပုဂ္ဂိုလ်များ၏ နိုင်ငံရေးတရားများကို မကြာခဏ နာယူရသဖြင့် လူမျိုး၏ လွတ်လပ်မှုအတွက် စတင်ဆင်ခြင် သုံးသပ်မိသော်လည်း စိတ်အထက်သန်ဆုံးမှာ အဆိုပါသပိတ်ချိန်ကစ၍ ဖြစ်ပါသည်။ ယနေ့အခြေအထိဆိုသော် နှစ်ပေါင်း ၂၅ နှစ်ကျော်ခဲ့ပါပြီ။ နိုင်ငံနှင့်လူမျိုး လွတ်လပ်မှုအတွက် ခေါင်းဆောင်ကောင်း ခေါင်းဆောင် အစစ် ရှိရပါမည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်သည် ခေါင်းဆောင် အစစ်သည် မည်ကဲ့သို့ပုဂ္ဂိုလ်ဖြစ်ရမည်ကို မရွေးချယ် မစိစစ်တတ်ပါ။

မန္တလေး နဝမ ကွန်ဖရင့်တွင် မြန်မာလူထု မည်မျှညီညွတ်စည်ကား၍ နိုင်ငံရေးအဆင့်အတန်း မည်မျှမြင့်တက်လာသည်ကို နိုင်ငံရေး လိုက်စားသူတိုင်း သိရှိမှတ်မိကြပါသည်။ ထိုကွန်ဖရင့်ကျင်းပဆဲတွင် ကျွန်ုပ်မှာ ဝံသာနုစိတ် ထက်သန်သော ပေါင်းတည်သားဇာတိ ဆရာ၏ ဝံသာနုအထည်ဆိုင်တွင်အိပ်ကာ နေ့ညမပြတ် ကွန်ဖရင့်နှင့် အမြဲမကွာ ရှိပါသည်။ ဘွဲ့ထူး ဂုဏ်ထူးနှင့် နာမည်ကြီးသူတိုင်းကို

mgyoe.com

mgyoe.com



ခေါင်းဆောင်အစစ်တွေဟု ထင်မှတ်ခဲ့ပါသည်။ ရွှေထီးမိုးပြီး စည်တော်ရွမ်း အကြိုအဆိုခံရသော ပုဂ္ဂိုလ်ကြီးကို ယနေ့တိုင် ထိုအချိန်က အဖြစ်အပျက်များ အမှတ်ရလျက်ရှိပါသည်။ ရေကြောင်းဖြစ်သော် ကမ်းလုံးညွတ်မျှ ကြိုဆိုကြပါသည်။ ကုန်းကြောင်းဖြစ်သော် လူထုများအားကြီး၍ လမ်းရှင်းပေးရပါသည်။ ထိုပုဂ္ဂိုလ်ကြီးကို တစ်တိုင်းပြည်လုံးက လူကြိုက်များကြပါသည်။ ကျွန်ုပ်ကိုယ်တိုင် ထိုလူကြီးသည် ခေါင်းဆောင်တကာ့ ခေါင်းဆောင်ဟု ထင်မှတ်ခဲ့ပါသည်။ နိုင်ငံရေးဗဟုသုတ တစ်နေ့တခြားတိုး၊ စာအုပ်တွေ ဖတ်နှင့် ၄-၅ နှစ်ကြာခဲ့သော် ထိုပုဂ္ဂိုလ်သည် ခေါင်းဆောင်အစစ်မဟုတ်သည်ကိုလည်းကောင်း၊ ခေါင်းဆောင်အစစ် ရရှိရေး၌ လူထုသည် မည်ကဲ့သို့လူထုဖြစ်ရမည်ကို စတင် ဝေဖန်မိပါသည်။

ခေါင်းဆောင်ဆိုရာ၌ ရွာခေါင်းဆောင်၊ မြို့ခေါင်းဆောင်၊ နယ်ခေါင်းဆောင် စသည်တို့လည်း လိုအပ်သေးရာ ကျွန်ုပ်လိုချင်သော ခေါင်းဆောင်ကား တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံး၏ တစ်ဦးတည်းသော ခေါင်းဆောင်အစစ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ ရာဇဝင်ကို ပြန်လှန်ကြည့်ရှုကြလျှင် ဟိုကတစ်မင်း၊ သည်က တစ်ဘုရင်နှင့် ခေါင်းဆောင်များသောအခါ တိုင်းပြည်အကျိုးယုတ်၍ မြောက်မြားစွာသော တိုင်းသူပြည်သားတို့ အသက်ဆုံးရှုံးခဲ့ရလေသည်။ ခေါင်းဆောင်ကောင်း တစ်ဘုရင်တည်း ပေါ်ပေါက်လာသောအခါ တစ်တိုင်းတစ်ပြည်လုံး စည်းလုံးညီညွတ်ပြီးလျှင် တိုင်းပြည်အခြေအနေ တိုးတက်ခဲ့လေသည်။ လွယ်ကူသော အလုပ်မဟုတ်ပေ။

ကျွန်ုပ်တို့ မျက်မြင်ကိုယ်တွေ့။ နိုင်ငံရေးရာဇဝင်တွင် ခေါင်း

mgyoe.com

mgyoe.com



ဆောင်တွေ မှိုလိုပေါက်ခဲ့သဖြင့် အချင်းချင်း ဆဲရေးပုတ်ခတ်ကာ အချိန်ကုန်ခဲ့လေရာ ထိုအတွင်းမှာပင် တိုင်းပြည်၏ ဝမ်းဗိုက်ဖြစ်သော စီးပွားရေးအခြေအနေ တစ်နေ့တခြား ဆုတ်ယုတ်၊ လူတွေ ဆင်းရဲငတ်ပြတ်သေကြေပျက်စီးခဲ့ကြရလေသည်။

အကယ်၍ ကျွန်ုပ်တို့ လိုလားအပ်သော ခေါင်းဆောင်ကောင်းရရန် ကျွန်ုပ်တို့ကိုယ်တိုင်က မည်သည့်ပုဂ္ဂိုလ်မျိုးသည် ခေါင်းဆောင်အစစ် ဖြစ်သည်ဟု ခွဲခြားဝေဖန်တတ်ရန် လိုပေသေးသည်။ ဖော်ပြခဲ့သည့် ရွှေထီးမိုး၊ စည်ရွှမ်း အကြိုခံ၊ ခေါင်းဆောင်ကြီးတွင် နောက်လိုက်နောက်ပါ တစ်နေ့တခြား နည်းပါးခဲ့ခြင်းမှာ လူထု၏ ပညာရည်ညံ့ဖျင်းမှု၊ နိုင်ငံရေးလက်တွေ့နည်းပါးမှု၊ အမြင်မကျယ်မှုကြောင့်ဟုဆိုလျှင် လွဲမည်မဟုတ်ပေ။

နမူနာ အနည်းငယ်ပြရလျှင် ခွဲရေးတွဲရေးကိစ္စ၌ ခွေးခွန်၊ ဗိုက်ခွန်ကောက်လိမ့်မည်ဟု ဟောပြောသဖြင့် အရမ်းကာရော တွေးကြောက်ကြကာ တွဲရေးကို အလိုရှိသည့် လူထုပေါ်များခြင်း၊ တရားပွဲ၌ မျှစ်ချိုးမှိုချိုး တစ်ဦးကို တစ်ဦး ပုတ်ခတ်ဆဲရေး ပြောဆိုသည်ကို လက်ခုပ်သြဘာပေးလျက် သဘောကျခြင်းကို တွေ့ကြုံခဲ့ရရာ ထိုလူထုလက်ထက်တွင် အကယ်စင်စစ် ခေါင်းဆောင်ကောင်းရှိခဲ့ငြားအံ့ လူထုစိတ်ကြိုက်ဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။

တစ်ဦးတည်းသော ခေါင်းဆောင်ကောင်းအစစ်၏ နောက်သို့ အမြော်အမြင်ဉာဏ်ရှိသော လူထုသည် စည်းလုံးညီညွတ်ကာ တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်သွားကြမည်ဆိုက လူမျိုးနှင့် တိုင်းပြည်အမှန်မုချ လွတ်လပ်ကောင်းစားမည်ဟု ကျွန်ုပ်တို့ တွေးတောယူဆခဲ့လေသည်။ ဤတွင် လူထု၏ ပညာရေးပြဿနာ ပေါ်လာပြန်သည်။

mgyoe.com

mgyoe.com

လူထု၏ အသိဉာဏ်သည် ပညာရေးတွင်တည်နေကြောင်း အထူး ချဲ့ထွင်ရန် မလိုပေ။

မြန်မာသက္ကရာဇ် ၁၂၇၅–၇၆ လောက်က စတင်အပူတပြင်း လှုံ့ဆော်ခဲ့သော နိုင်ငံရေးသည် လူထု၏အမြင်တွင် တစ်နေ့တခြား တိုးတက်လာသော်လည်း တစ်ဦးတည်းသော ခေါင်းဆောင်ကောင်း ကို မရခဲ့သည့်အတွက် မျှော်မှန်းသည့်အတိုင်း ခရီးမရောက်ခဲ့ပေ။ လူထု၏ နိုင်ငံရေးအမြင်ကား တစ်နေ့တခြား တိုးတက်လာသည်ဟု ဆိုရပေမည်။

စာနယ်ဇင်းများ၏ အကျိုးကျေးဇူး၊ တရားဟောဆရာများ၏ ကျေးဇူးကြောင့် မြန်မာလူထုသည် တစ်နေ့တခြား အမြင်ကျယ်လာ ကြသော်လည်း ခေါင်းဆောင်ကောင်းကား မရကြသေးပေ။

□

mgyoe.com

mgyoe.com

# ခေါင်းဆောင်ကောင်းက ဘယ်လိုလူစားနည်း

ဤတွင် လူအတန်းအစား ခွဲခြားပုံကို ကုလားအဘိဓမ္မာဆရာကြီး(ဆွာမဝိဝေကနန္ဒ) ရေးသားသော ကာမယောဂကျမ်းမှ ထုတ်နုတ်ပြလိုပေသည်။ ဤပုဂ္ဂိုလ်ကြီးကား အဘိဓမ္မာတရား ရေးသားရာ၌ အလွန်အမြင်သန်၍ နက်နဲထင်ရှား ပြတ်သားခြင်းရှိရာ အမေရိကန်လူမျိုးများ၏ လေးစားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏စာ၌ ဘုရားသခင်ကို ထိပ်တန်းကထားလေသည်။ ပုထုဇဉ်လူတွေ၌ အတန်းသုံးတန်း ခွဲထား၏။ ပထမတန်းပုဂ္ဂိုလ်မှာ အများ၏အကျိုးအတွက် မိမိ၏ စည်းစိမ်နှင့် အသက်ကိုပင် စွန့်ရဲသောပုဂ္ဂိုလ်ဖြစ်၏။ ဒုတိယတန်းမှာ အများအကျိုးအတွက် ဆောင်ရွက်သော်လည်း ကိုယ့်အကျိုးထိခိုက်လျှင် ဆက်လက်မဆောင်ရွက်ဝံ့သော ပုဂ္ဂိုလ်မျိုး။ တတိယတန်းကား ကိုယ်ကျိုးအတွက် အများထိခိုက်နစ်နာအောင် ပြုကျင့်တတ်သည့် မရေမတွက်နိုင်သော အောက်တန်းစား ပုဂ္ဂိုလ်များဖြစ်လေသည်။ ဂျပန့်လက်ထက်က ဆား၊ သကြား ခိုးထုတ်သူမျိုး၊ ကပ်ကြေးကိုက်၊ သူခိုးဓားပြ၊ လောဘ ဘီလူးစီး၍ အမြတ်ကြီးကြီးလိုသော ကုန်သည်၊ ပွဲစား၊ လာဘ်စားသူ စသည်တို့ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဤကဲ့သို့ အတန်းအစားခွဲပုံကို အထူးနှစ်သက်

mgyoe.com

mgyoe.com

ခဲ့လေသည်။ ပထမတန်းစား လူမျိုးသာလျှင် ခေါင်းဆောင်အစစ် ဖြစ်ထိုက်သည်ဟု စွဲလန်းနေပေသည်။ ထိုကျမ်းပြု ဆရာဆွာမိကြီးကပင် အကြင်တိုင်းပြည်တစ်ပြည်၌ ဖော်ပြရာပါ ပထမတန်းစား လူတစ်ရာ တည်းပဲ ရှိပါစေဦးတော့ ထိုတိုင်းပြည်သည် မည်သည့်အခါမျှ အောက်ကျ နောက်ကျ ဆုတ်ယုတ်ပျက်ပြားခြင်း မရှိနိုင်။ ရဖို့ရာလည်း ခဲယဉ်းဘိဟု ဆက်လက်ရေးသားထားလေသည်။

ထိုစကားမှန်ကန်ကြောင်း ဘုရင့်နောင်နှင့် အလောင်းဘုရား ဦးအောင်ဇေယျတို့ ရာဇဝင်ပြန်ကြည့်က မှန်ကန်ကြောင်း တွေ့ရပေလိမ့်မည်။ ဘုရင့်နောက်သည် လူမျိုးညီညွတ်မှု၊ နိုင်ငံပြန်လည်ထူထောင်မှု ကြိုးပမ်းဆောင်ရွက်ရာ၌ ပထမတန်းစား၊ မြင်းရည်တတ်၊ နှစ်ကျိပ်ရှစ်ဦးသာ ရရှိသော်လည်း တစ်ပြည်လုံးစည်းရုံးမိကာ အခြားနိုင်ငံများသို့ပင် တန်ခိုးပြနိုင်ခဲ့လေသည်။ ဦးအောင်ဇေယျသည်လည်း မြန်မာလူမျိုး ပျောက်ပျက်မည့်ဘေးမှ လွတ်ကင်းအောင် ဆောင်ရွက်ရာ၌ ရဲဘော်ခြောက်ကျိပ်ရှစ်သာ ရခဲ့လေသည်။ သို့ရာတွင် ဖရိုဖရဲဖြစ်နေသော တစ်ပြည်လုံးကို စည်းရုံးညီညွတ် ထိန်းသိမ်း ထူထောင် ကောင်းစားစေနိုင်ခဲ့သည့်အပြင် အခြားနိုင်ငံများသို့ပင် တန်ခိုးပြနိုင်ခဲ့ လေသည်။ ယခု မြန်မာပြည်၏ လူဦးရေ ၁၆ သန်းထဲမှ တစ်ဦးတလေမျှ မရှိတော့သလော။

ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေး ၄–၅ ဝါ ရစဉ်က ခေါင်းဆောင် မရွေးတတ်ဟု ဝန်ခံခဲ့လေပြီ။ သို့ရာတွင် ခေါင်းဆောင်အစစ်သည် မည်သည့်ပုဂ္ဂိုလ်မျိုးနည်း။ မည်သည့်အခါ ပေါ်မည်နည်း စသည်တို့ကား အမြဲတစေ တွေးတောခဲ့လေသည်။ နောက်ဆုံးတွင် ခေါင်းဆောင် အစစ်ရမှုသည် မလွယ်ကူကြောင်းကို တွေ့ရလေသည်။

mgyoe.com

mgyoe.com



ဆာမိကြီးရေးသော ပထမတန်းစားပုဂ္ဂိုလ်ကား ခေါင်းဆောင်ဖြစ်ထိုက်သူ၏ အရည်အချင်း အပြည့်အစုံမဟုတ်ပေ။ ထိုပထမတန်းစားပုဂ္ဂိုလ်မျိုး ရရှိနိုင်ဖို့ပင် အလွန်ခဲယဉ်းနေရာ နောက်ထပ်အရည်အချင်းတွေ ဖြည့်စွက်နေရလျှင် ပိုမိုမခဲယဉ်းပါလော၊ ခဲယဉ်းသည်ကားမှန်၏။ သို့ရာတွင် ပထမတန်းစားပုဂ္ဂိုလ်မျိုးဖြစ်ရုံနှင့် ခေါင်းဆောင်ကောင်း မဖြစ်နိုင်သေးသည်ကိုလည်း ကျွန်ုပ်တို့ ဆက်လက်စဉ်းစားသင့်ပေသည်။

ခေါင်းဆောင်ကောင်း၏အင်္ဂါ၌ သတ္တိ၊ ဗျတ္တိ၊ မျိုးရိုး၊ နောက်လိုက်၊ လူထုအခါအခွင့်ဟူ၍ အချက် ၅ ချက်နှင့် ပြည့်စုံဖို့လိုလေသည်။

သတ္တိ။ ။ သတ္တိမှာ သေရဲ၊ လုပ်ရဲရမည်ဟု သာမန် ဆိုရမည်ဖြစ်သော် ထိုသတ္တိမျိုးတွင် သူခိုးဓားပြ၌လည်း ရှိနိုင်လေသည်။ ဆွာမိကြီး၏ပထမတန်းစားပုဂ္ဂိုလ်မျိုးသာ တကယ်အလိုရှိအပ်သော သတ္တိဖြစ်လေသည်။ သူခိုးဓားပြကား သူတစ်ကိုယ်ကောင်းအတွက်ဖြစ်ရာ ပထမတန်းစားပုဂ္ဂိုလ်သတ္တိကား အများအကျိုးအတွက် ဖြစ်သည်ကို ဖော်ပြခဲ့လေပြီ။ ထို့ကြောင့် ပထမတန်းစားပုဂ္ဂိုလ်သည် ခေါင်းဆောင်၏အင်္ဂါရပ်များအနက် တစ်ချက်မျှသာဖြစ်သေးကြောင်း ဆိုခဲ့ခြင်းဖြစ်လေသည်။

ဗျတ္တိ။ ။ ဗျတ္တိမှာ နှလုံးရည်၊ ပညာရည်ကို ဆိုလိုရင်းဖြစ်ရာ ပင်ကိုစူးရှ ထိုးထွင်းထက်မြက်သောဉာဏ် အရင်းခံရှိရပေမည်။ ခေတ်နိုင်ငံရေး ကမ္ဘာနှင့် ရင်ပေါင်တန်းလိုက်ရမည်ဖြစ်သဖြင့် ကမ္ဘာ့အသုံးများသောစာစကားကို ကမ္ဘာ့နိုင်ငံရေးသမား၊ စီးပွားရေးသမား၊

mgyoe.com

mgyoe.com

မျက်စိကြီး နားကြီးသူများ၊ နားလည်သဘောပေါက်အောင် ရေးနိုင်ပြောနိုင်သော အရည်အချင်းရှိရပေမည်။ ပြည်တွင်းအခြေအနေနှင့်ကမ္ဘာ့နိုင်ငံရေးကိုလည်း သိရှိနားလည်ရပေမည်။

မျိုးရိုး။ ။ မျိုးရိုးဆိုရာ၌ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသူ တို့ အမျိုးအဆက်၊ ရာထူးဌာနန္တရကြီးသူတို့ အမျိုးအဆက်ဟူ၍ အဓိကမထားသင့်ချေ။ ။ မဟုတ်မခံ၊ အမှန်ကြိုက်၍ တော်တည့် ဖြောင့်မှန်ပြီးလျှင်ဇာတိမာန် နိုင်ငံနှင့်အမျိုးကို ချစ်ခင်သော မိဘ ဘိုးဘွားမျိုးရိုးအဆက်ကို အဓိကထားသင့်သည်။

နောက်လိုက်လူထု။ ။ အထက်ဖော်ပြရာပါ အချက်သုံးချက်နှင့် ပြည့်စုံစေကာမူ နောက်ထပ်လုပ်သင့်ပါတယ်ဟု လေပျော့ဆင်းလာတာ တွေ့ရတယ်။

ခုနှယ်များ အောင်ဆန်းက (ဒေါ်မန့်ဆမစ်ဂိုးဘက်ခ် ဘုရင်ခံပြန်သွားဆိုရင် ဘယ့်နှယ်တုန်း...။

အောင်ဆန်းမှာ အသက် ၃၀–၃၁ နှစ်ခန့်သာ ရှိသေးသော်လည်း စစ်ရေး၊ နိုင်ငံရေးများတွင် လွန်စွာ အမြော်အမြင်ကြီးသူဖြစ်၍မြန်မာနိုင်ငံ၏ မာရှယ်တီတိုးဟုပင် ခေါ်ဆိုနိုင်ကြောင်း၊ ကျွန်ုပ်သည်မြန်မာနိုင်ငံသို့ ရောက်ခဲ့သူဖြစ်၍ ၎င်းအား တိုင်းပြည်က မည်သို့သဘောထားသည်ကို သိနားလည်ခဲ့ကြောင်းလို့ မြန်မာပြည် ရောက်ဖူးတဲ့ လေဘာအမတ်ဒရိုင်းဘတ်က အင်္ဂလိပ် အောက်ပါလီမန်လွှတ်တော်မှာ ချီးကျူးစကားပြောတယ်။

မာရှယ်တီတိုးဆိုတာကတော့ ယူဂိုဆလားဗီးယားက ပြောက်ကျားဗိုလ်ချုပ်၊ အေအက်ဖ်အိုခေါင်းဆောင်၊ လူထုခေါင်းဆောင်၊ ဒီလို

mgyoe.com

mgyoe.com



နေရာမှာ အောင်ဆန်းနဲ့ တစ်တိုး အတူတူပဲ။ ဒါပေမဲ့လို့ တီတိုးဟာ ကွန်မြူနစ်၊ အောင်ဆန်းဟာ ကွန်မြူနစ်မဟုတ်ဘူး။ လူထုကြီးဟာ ကွန်မြူနစ် မဖြစ်နိုင်သလို ခုန အောင်ဆန်းဟာ ကွန်မြူနစ် မဖြစ်နိုင်သေး၊ ပါတီနိုင်ငံရေးမှာ မပါနိုင်သေး၊ ဒါပေမဲ့ အောင်ဆန်းဟာ မျိုးချစ်ပုဂ္ဂိုလ်၊ လူထုလူ၊ ဒီမိုကရေစီသမား၊ ဖက်ဆစ်တော်လှန်ရေးသမားဆိုတာကို သိသာနေတယ်။

ကလောင်ဝင့်ခဲ့လေပြီ။ ထိုမျှမက ခေါင်းဆောင်အစစ်တွေက ကျွန်ုပ်၏ စာကြည့်ပရိသတ်လူထု မသေးသဖြင့် လူထု၏ ယုံကြည်လေးစားမှုရရန် အားပေးမည်ဟု ရည်ရွယ်ခဲ့သည်မှာ ကြာပြီ။

*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ခေါင်းဆောင်စစ်တွေ့ပလား

မတွေ့သေးပါ။ လူကြီးခေါင်းဆောင်တွေ ဆန်းစစ်ကြည့်သည်။ အဖျားရှူးသွားကြသည်။ ဆွာမိကြီးရေးသော ဒုတိယတန်းစားလော်ကိုပင် လူတော်ထားရသည်။ တတိယတန်းစားတွေလည်း အများတွေ့ရသည်။ လူငယ်ထဲက ခေါင်းဆောင်လောင်းတွေ့ရပြီ။ ၎င်းတို့မှာ ကျောင်းသားသမဂ္ဂထဲမှအချို့နှင့် သခင်ထဲကဖြစ်သည်။ သို့ရာတွင် ကျွန့်ပ်ကြိုက်သော ပဋ္ဌက်နှင့် ဥပသမ္ပဒါဆောင်နိုင်လောက်အောင် မတွေ့ရပါ။ တစ်ချက်သော်လည်းကောင်း၊ နှစ်ချက်သော်လည်းကောင်း၊ ၃-၄ ချက်သော်လည်းကောင်း ချို့ယွင်းနေသည်ကို တွေ့ရပါသည်။

ခရစ်နှစ် ၁၉၃၆-၃၇-၃၈ လောက်ကျသောအခါ ခေါင်းဆောင်လောင်း လူရွယ်၊ လူလတ် ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ ထိုအထဲမှ (အိုးဝေမဂ္ဂဇင်း) တွင် အင်္ဂလိပ်ဘာသာ အရေးအသားကောင်းသော ဆတ်ဆတ်ကြဲ လူငယ်တစ်ယောက်နှင့် ဥပဒေသင်နေသော လူရွယ်တစ်ယောက်ကို အထူးသတိပြု မှတ်သားထားသည်။ အင်္ဂလိပ်ဆောင်းပါးရှင်မှာ ဤစာရေးသူထက် အသက် ၁၅ နှစ်လောက်ငယ်သော လူငယ်ပင်ဖြစ်သည်။ သူ၏ ရဲရဲတောက်စိတ်နှင့် ဇွဲသတ္တိလည်း သူ၏အပေါင်းအသင်းများ ပြောပြ၍သိရသည်။

mgyoe.com

mgyoe.com

ထိုအချိန်၌ ထူးခြားချက်ကား ဆွာမိကြီးဖော်ပြသော ပထမတန်းစားပုဂ္ဂိုလ် လူငယ်အမြောက်အမြား တွေ့မြင်ရခြင်းဖြစ်ပါသည်။ တိုင်းပြည်၏အများအကျိုးအတွက် ထိုလူငယ်များသည် အသက်စွန့်ရန် ဝန်မလေးသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ တစ်ယောက် အသက်စွန့်သွားခြင်းသည် ကျန်လူငယ်များလည်း ထိုကဲ့သို့ လုပ်ရဲသူများဟု လေးနက်စေပါသည်။

သို့သော် ခေါင်းဆောင်အစစ်၏ အရည်အချင်းကိုကား မရရှိကြသေးပါ။ အင်္ဂါ်ပါးပါးအနက် ၁ က ၃ အထိလောက် ပုဂ္ဂိုလ်များအထိ တွေ့ရှိရသဖြင့် ပညတ်အင်္ဂါ ၄ နှင့် ၅ အတွက်သာ လိုတော့သည်ဟု ယူဆခဲ့လေသည်။ သူတို့၏လုပ်ရည်ကိုင်ရည်နှင့် ခြေလှမ်းကိုလည်း အမြဲအကဲခတ်ခဲ့သည်။ အိုးဝေမဂ္ဂဇင်း ရဲရဲတောက်ဆောင်းပါးရှင်သည် တက္ကသိုလ်သမဂ္ဂနယ်ထဲမှ သခင်အစည်းအရုံးသို့ ဝင်ရောက်သွားသည်ကိုလည်း မှတ်သားထားခဲ့သည်။

ထိုလူရွယ်သည် ဒို့ဗမာ(သခင်)အစည်းအရုံးတွင် ခေါင်းဆောင်တစ်ယောက်အဖြစ်နှင့် ဆောင်ရွက်ခဲ့ရာ၌ အခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး ခံစားခဲ့ရသည်။ သူ့အား ဖမ်းဆီးမိရန်အတွက် လူတွေ အထင်သေးအောင် ဖမ်းမိက ဆုငွေပေးမည်ဟု မဖြစ်စလောက်ဆုငွေ ၅ ကျပ်နှင့် ပုလိပ်ဘက်က ကြော်ငြာခြင်းခံရသည်။

သူသည် အမျိုးအဆက်ဆက်က မပဟုတ်မခံ ဇာတိမာန်တက်ကြွသူတို့၏ အဆက်အနွယ်ဖြစ်ခဲ့သည်။ သူ၏အဘိုးသည် မိမိလူမျိုးအတွက် အသက်စွန့်ကာ တော်လှန်ပုန်ကန်ခဲ့သည်ကို ရာဇဝင်အမှတ်အသားနှင့်ရှိသည်။

လူတို့တွင် မိမိတို့၌ ငဲ့ကွက်စရာရှိသော ဂုဏ်တစ်ခုကို သတ္တိ

mgyoe.com

mgyoe.com



ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ ငွဲကွက်စောင့်ထိန်းတတ်သည်။ သတ္တိရှိသူက အမျိုးအဆက်ဂုဏ်ကို ပိုမိုစောင့်ထိန်းနိုင်သည်။ ထိုစကားကို ရှင်းအံ့။ ကျွန်ုပ်သည် ရွှေဘိုနယ်တွင် ၇ နှစ်ကျော် နေထိုင်ခဲ့သည်။ ရွှေဘိုနယ်သူနယ်သားတို့မှာ သူ့လိုကိုယ့်လို မြန်မာလူမျိုး အညာသားတွေပင်ဖြစ်သည်။ သို့ရာတွင် သူတို့၌ ထူးခြားသော ဂုဏ်စောင့်ထိန်းစိတ်ရှိကြသည်။ ၎င်းမှာ သူတို့၏ ဘိုး–ဘေး–ဘီ ခေါင်းဆောင် အလောင်းဘုရားနှင့်တကွ ရဲဘော်ခြောက်ကျိပ်ရှစ်နှင့် အခြားသူရဲကောင်းစစ်သည်တို့ကို ယနေ့တိုင်မမေ့ကြ။ ရွှေဘိုသားဟု ကြွေးကြော်ကာ အနိုင်ရအောင် တိုက်ခဲ့ကြသည်ကိုလည်း သတိရလျက်ပင်။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး သွေးကြော်မှုနှင့် ပြောဆိုကြရာ၌ ရွှေဘိုသား ဂုဏ်မဖျက်ပါနှင့်။ အလောင်းဘုရားဂုဏ် မဖျက်ပါနှင့်ဟု သုံးနှုန်းလေ့ရှိကြသည်။ တကယ်လည်း ရှုပ်ရှုပ်ချွန်ချွန် စွန့်စွန့်စားစား လုပ်တတ်ကြသည်။

ထို့ကြောင့် ကျွန်ုပ်မှတ်သားခဲ့သော လူရွယ်သည် သူ စွန့်စွန့်စားစားလုပ်ဆောင်တိုင်း သူ၏အဘိုးဂုဏ်ကို မေ့မည်မဟုတ်ဟု ယုံကြည်ခဲ့သည့်အတိုင်းလည်း သူသည် အရှေ့ဘက် လက်နက်နိုင်ငံတစ်ခုသို့ စိတ်တူရဲဘော်တစ်စုနှင့် သွားရောက်ကာ သူ၏အဘနိုင်ငံလွတ်လပ်မှုအတွက် စစ်ရေးစစ်ရာသင်ကြားကာ ထိုလက်နက်နိုင်ငံရှင်တို့နှင့် ပူးပေါင်း၍ ရှုပ်ရှုပ်ချွန်ချွန် ဆောင်ရွက်လေသည်။ သို့ရာတွင် ထိုအရှေ့ဘက်လက်နက်နိုင်ငံရှင်သည် နယ်ချဲ့ဖက်ဆစ်သမားများဖြစ်ကြောင်း သိရသောအခါ ထိုသူများကို တော်လှန်ရန် ကြိုးစားရပြန်လေသည်။

ဤအလုပ်ကား မလွယ်ကူချေ။ ထိုတော်လှန်ရေး၌ အရေးပါအရာရောက်အောင် ဆောင်ရွက်မည့် ရဲဘော်များအနက် အချို့မှာ ဤ

mgyoe.com